# မိကျောင်း
နှင့်
# မျောက်



ပညာ

unicef

# မိကျောင်း

နှင့်

# မျောက်




တစ်ခါတုန်းက မျောက်တစ်ကောင်ဟာ မြစ်ကမ်းနံဘေးက သဖန်းပင်ကြီးပေါ်မှာနေတယ်။ သူဟာ ဒီအပင်ပေါ်မှာ တစ်ကောင်တည်းနေထိုင်ရတာ သဘောကျနေတယ်။

ဘာကြောင့်လဲဆိုတော့ ဒီအပင်ကြီးဟာ အရွက်တွေနှင့် အုပ်မိုးနေပြီး၊ နေပူမှာလည်း မကြောက်ရဘူး။ မိုးရွာမှာလည်း မကြောက်ရဘူး။ ပြီးတော့ စားဖို့ အသီးတွေလည်း အများကြီးရှိတယ်။

သဖန်းသီးဟာ အရမ်း အရသာရှိတယ်။ ချိုလည်းချိုတယ်။ သူဟာ ဗိုက်ဝတဲ့အထိ စားနိုင်တဲ့ အပြင် သူ့သူငယ်ချင်းတွေကိုလည်း ဝေပေးနိုင် သေးတယ်။






တစ်နေ့မှာ မိကျောင်းတစ်ကောင်ဟာ မြစ်ကမ်းနဖူး ပေါ်ကို တက်လာပြီး သစ်ပင်အောက်မှာ နားနေတယ်။ ဖော်ရွေတတ်တဲ့မျောက်က မိကျောင်းကိုတွေ့တော့ “ဦးမိချောင်းပါလား နေကောင်းရဲ့လား” လို့ မေးလိုက်တယ်။ မိကျောင်းက အံ့သြပြီး “နေကောင်းပါတယ်ဗျာ ဒါပေမယ့် ဒီနေ့ တစ်နေ့လုံး ငါးဖမ်းတာမရလို့ ဆာနေတယ်” လို့ ပြန်ဖြေလိုက်တယ်။

ဒါနဲ့ မျောက်က “ဒီလိုဆိုရင် အရသာရှိတဲ့ ဒီအသီးမှည့်တွေကို စားပါလား။ ကျွန်တော့်မှာ အများကြီးရှိတယ်” လို့ ပြောတယ်။ တကယ်တော့ မိကျောင်းဆိုတာက ဒီအသီးမျိုးတွေကို စားလေ့စားထ မရှိဘူး။ ဒါပေမယ့် အခုအချိန်မှာ သိပ်ဆာလောင်နေတော့ စားဖို့ဆုံးဖြတ်လိုက်တယ်။

မျောက်က သဖန်းသီးတွေကို လှုပ်ချပေးလိုက်တယ်။ မိကျောင်းက စားကြည့်တော့ အနံ့လေးကလည်းမွှေး အရသာကလည်း ကောင်းတော့ အကုန်စားပစ်လိုက်တယ်။






အဲဒီနေ့ကစပြီး မိကျောင်းဟာ မျောက်ဆီကို နေ့တိုင်း လာလည်ပြီး သူတို့နှစ်ယောက်ဟာ မိတ်ဆွေ တွေဖြစ်သွားကြတယ်။

တစ်နေ့မှာ မိကျောင်းက သူ့မှာ မိန်းမရှိတယ်လို့ ပြောလိုက်တဲ့အခါ သူ့မိန်းမအတွက် အသီးတွေကို မျောက်က ပေးလိုက်တယ်။

မိကျောင်းလည်း သဖန်းသီးတွေကို ကျေးဇူး တင်စွာနှင့် အိမ်ကို ယူသွားလိုက်တယ်။





ဒေါ်မိကျောင်းဟာ သဖန်းသီးတွေကို အရမ်း သဘောကျသွားတယ်။

အသီးတွေအကုန်လုံးကို စားပြီးတဲ့အခါ သူ့ယောကျ်ားကို "ရှင်စဉ်းစားကြည့်စမ်း ဦးမျောက်ဟာ ဒီအသီးတွေကို နေ့တိုင်း စားနေတာ သူ့အသားဟာလည်း ချိုနေမှာပဲ။ ဒီအသီးထက်တောင် ပိုပြီး အရသာရှိဦးမှာ။ ဒီတော့ ရှင့်သူငယ်ချင်းကို ထမင်းစား ဖိတ်ပါလား။ ပြီးရင် ဦးမျောက်ကို တို့စားဖို့ လုပ်ကြတာပေါ့" လို့ ပြောလိုက် တယ်။

ဒါကို ကြားရတဲ့ ဦးမိကျောင်းဟာ စိတ်မသက်မသာဖြစ်ပြီး "မျောက်ကို စားလို့မဖြစ်ဘူး။ သူဟာ ငါရဲ့ မိတ်ဆွေစစ်တစ်ဦးဖြစ်တယ်။ သူ့ကို ငါ ထမင်းစား မဖိတ်နိုင်ဘူး" လို့ ပြန်ဖြေတယ်။




ဒါပေမယ့် ဒေါ်မိကျောင်းဟာ စိတ်မလျှော့ဘူး။ နောက်နေ့တွေကစပြီး သူ့ယောက်ျားအိမ်မှာရှိနေတိုင်း တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး နေမကောင်းချင်ယောင်ဆောင်ပြတယ်။

သူမက “အို . . . ကျွန်မတော့ ဆေးမကုရဘဲ၊ သေရတော့မှာပဲ။ ငါ့ရောဂါကို မျောက်အသည်းနဲ့ပဲ ကုလို့ရမှာယောက်ျားရယ်။ ကျွန်မကို ချစ်ရင် မျောက်ကို ရအောင်ခေါ်ခဲ့ပါ။ ဒါမှ သူ့အသည်းနှလုံးကို စားနိုင်မှာ” လို့ ချည့်နဲ့နဲ့လုပ်ပြီး ပူဆာတယ်။

မိကျောင်းဟာ သူ့မိန်းမကိုလည်း မသေစေချင်ဘူး။ ဒါနဲ့ မတတ်နိုင်တော့ဘူး နောက်ဆုံးမှာ မျောက်ကို ခေါ်ခဲ့ဖို့ ဆုံးဖြတ်လိုက်ရတော့တယ်။






မိကျောင်းက သဖန်းပင်အောက်သွားပြီး “ဦးမျောက်ရေ ကျွန်တော့်မိန်းမနှင့် ကျွန်တော်တို့က ခင်ဗျားအသီးတွေပေးတာ ကျေးဇူးတင်လွန်းလို့ အိမ်ကိုထမင်းလာစားဖို့ ဖိတ်ပါ တယ်ခင်ဗျာ”လို့ သူ့ မိတ်ဆွေမျောက်ကို ဖိတ်ကြားလိုက်တယ်။

အဲဒီအခါမျောက်က “မိတ်ဆွေကြီးဦးမိကျောင်းရေ လာတော့ လာချင်တယ်ဗျာ။ ဒါပေမယ့် ကျွန်တော်က ရေမကူးတတ်ဘူးဗျ” လို့ ပြန်ပြောလိုက်တယ်။

မိကျောင်းက “မပူပါနဲ့ဗျာ ကျွန်တော့်ကျောကုန်း ပေါ်မှာတင်ပြီး ခေါ်သွားပေးပါ့မယ်”လို့ ပြောတဲ့အခါ မျောက်က သဘောတူလိုက်တယ်။

မျောက်လည်း မိကျောင်း ကျောကုန်းပေါ် ခုန်ချပြီး လိုက်ပါသွားတော့တယ်။





ဒီလိုသွားနေတဲ့အချိန်မှာ မိကျောင်းဟာ အပြစ်ရှိတယ်လို့ ခံစားပြီး စိတ်မကောင်းဖြစ်နေတယ်။ မျောက်အနေနှင့် လွတ်လမ်းကမရှိတော့ သူ့မိတ်ဆွေအား အဖြစ်အပျက်ကို ရှင်းပြဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါမှလည်း မျောက်ဟာ သူ့မိတ်ဆွေကို နားလည်ပေးနိုင်မှာဖြစ်တယ်။

"ချစ်မိတ်ဆွေ ဦးမျောက်ရေ၊ ကျွန်တော့်မိန်းမဟာ အလွန်နေမကောင်း ဖြစ်နေပါတယ်။ သူ့ရောဂါပျောက်ဖို့ တစ်ခုတည်းသောဆေးက မျောက်ရဲ့အသည်းနှလုံးကို စားမှ ပျောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ခင်ဗျားကို ဒီနေ့ ခေါ်လာခဲ့တာပါ" လို့ ပြောပြလိုက်တယ်။





မျောက်ဟာအလွန်ထိတ်လန့်ပြီး ဘယ်လို လွတ်အောင်လုပ်ရပါ့မလဲလို့ အလျင်အမြန်စဉ်းစား လိုက်တယ်။

စက္ကန့်အနည်းငယ်စဉ်းစားပြီးမှ အပြေပြစ်ဆုံး အသံနှင့် သတိထားပြီး "ချစ်မိတ်ဆွေ ဦးမိကျောင်းရယ် ကျွန်တော် ခင်ဗျားရဲ့အခြေအနေတွေကို လုံးဝနားလည် ပါတယ်ဗျာ။ ခင်ဗျားမိန်းမ နေမကောင်းတာသိရလို့ လည်း စိတ်မကောင်းပါဘူး။ ပြီးတော့ သူ့အသက်ကို ကယ်ရမယ်ဆိုလို့လည်း ဝမ်းသာမိပါတယ်။ ဒါပေမယ့် ဒါကို ခင်ဗျားစောစောက ဘာဖြစ်လို့မပြောတာလဲ၊ ကျွန်တော့် အသည်းနှလုံးကို သဖန်းပင်ပေါ်မှာ ချိတ်ထားတာ။ ခုတော့ မပါလာတော့ဘူးပေါ့ဗျာ၊ ဖြစ်နိုင်တာက ကျွန်တော်တို့ ပြန်သွားပြီး ယူကြ ရအောင်လား" လို့ မျောက်က မိကျောင်းကို ပြောပြ လိုက်တယ်။

မိကျောင်းက "ဒါဆိုရင် ကျွန်တော်တို့ ခင်ဗျား အသည်းနှလုံးကို ပြန်ယူကြမယ်လေ။ ကျေးဇူးတင် လိုက်တာ ဦးမျောက်ရယ်၊ ခင်ဗျားဟာ တကယ့်မိတ်ဆွေ အစစ်ပါပဲ"လို့ ပြောပြီး သဖန်းပင်ရှိရာကို ပြန်ကူး သွားတယ်။





သဖန်းပင်ကိုလည်းရောက်ရော မျောက်က မိကျောင်း ကျောကုန်းပေါ်ကနေ သစ်ပင်ပေါ်ကို ခုန်တက်လိုက်ပြီး “ခင်ဗျားဟာမိတ်ဆွေမဟုတ်ဘူး။ အရူးပဲ။ ဦးမိကျောင်းရေ သွားပေတော့ နောက်လည်း ပြန်မလာပါနဲ့။ ခင်ဗျားအတွက် သဖန်းသီးဆိုတာရော မိတ်ဆွေဖြစ်မှုဆိုတာရော ဘယ်တော့မှ မရှိနိုင်တော့ ပါဘူး”လို့ အော်ပြောလိုက်တယ်။



အလျင်အမြန် စဉ်းစားလိုက်နိုင်ခြင်းဟာ မျောက်အသက်ကို ကယ်တင်နိုင်ခြင်းဖြစ်တယ်။ နောက်ပြီး သူ့အနေနဲ့ သင်ခန်းစာရလိုက်တာက မိကျောင်းဆိုတာ မိတ်ဆွေဖြစ်ဖို့ထက် အစာကိုပိုရချင်တယ် ဆိုတာပါပဲ။

မိကျောင်းအနေနဲ့ သူ့ရဲ့မိုက်မဲမှုကို သိလိုက်ရတာ သိပ်နောက်ကျနေပြီဖြစ်တယ်။ မိကျောင်းဟာ မျောက်က သူ့အသည်းနှလုံးကို ထားပစ်ခဲ့တယ်ဆိုတာကို ယုံကြည်တာ မိုက်မဲခြင်းပဲ။ မျောက်ကို သူလှည့်စားခံရတာကို ပြောပြတာလည်း မိုက်မဲခြင်းပဲ။ သူ့မိန်းမ လိမ်ညာပြောတာကို ယုံကြည်မိတာလည်း မိုက်မဲခြင်းပဲ။ ဒါပေမယ့် အမိုက်မဲဆုံးကတော့ စိတ်ကောင်းရှိတဲ့မိတ်ဆွေကို သစ္စာဖောက်မိတာရယ်၊ နောက်ပြီး မိတ်ဆွေရော အရသာရှိတဲ့ အသီးတွေရော နှစ်မျိုးစလုံးကို ဆုံးရှုံးလိုက်ရတာ ဖြစ်ပါတယ်။







သရုပ်ဖော် ဒီဇိုင်း သိန်းဝင်းအောင်





ယူနီဆက်မှ အခမဲ့ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။